# နှစ်ကူးခရီးသည်ပို့ဆောင်ရေးပုံပြင်။ ။သင်အိမ်ပြန်သောလမ်းနွေးထွေးပါစေ

တရုတ်ပြက္ခဒိန်မှ နှစ်သစ်ကူးချိန် ရောက်လာသည်နှင့်အမျှ ဖေဖော်ဝါရီလ (၁)ရက်နေ့က တစ်နှစ်တစ်ခါကြုံတွေ့ရသော တရုတ်နှစ်ကူးခရီးသယ်ပို့(CHUN YUN)ချိန် စတင်လာပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် (၄၀)ရက်ကြာမြင့်သော အများဆုံးခရီးသည်သွားလာရေးတွင် တရုတ်တစ်နိုင်ငံလုံး သယ်ယူပို့ဆောင်သွားလာရေးယာဉ်များသည် ခရီးသည်(၂. ၉၈) ဘီလီယံခန့် သယ်ယူပို့ဆောင်ခဲ့ကြပါသည်။ ထို့အတွင်းမှ ရထားဖြင့်ခရီးသည် ပေါင်းသန်း(၃၉၀)ကို ပို့ဆောင်ပေးခဲ့သည်။

ယခုကဲ့သို့ နေပူမိုးရွာပြတ်တောက်ခြင်းမရှိသောခရီးစဉ်တွင် တရုတ်မီးရထားလမ်းများသည် တရုတ်လူမျိုးများအတွက် မွေးရပ်မြေဇာတိမြေများကို ချိတ်ဆက်ပေးသည့်အပြင် လူစည်ကားသောဘူတာရုံတွင် ခဏလေးတွေ့ဆုံကြချိန်အတွင်းမှာပင် ပုံပြင်ပေါင်းများစွာ ရှိခဲ့ပါသည်။ ကျွန်တော်နှင့်လိုက်ပြီး ဖေဖော်ဝါရီလ (၆)ရက်နေ့က တရုတ်နိုင်ငံအရှေ့တောင်ပိုင်းရှိ ကူမင်းတောင်ဖက်ဘူတာရုံသို့သွားကာ ထိုနေ့တွင်ဖြစ်ပွားခဲ့သော တရုတ်နှစ်ကူးသယ်ပို့ရေး (CHUN YUN)ပုံပြင်များ အတူကြည့်ရှုကြရအောင်။



## ခရီးသည် လောဝမ်–

**(၂)နာရီ။ ။အိမ်ပြန်လမ်းအကွာအဝေး။**

ဇာတိပြန်ပြီးနှစ်သစ်ကူးသော လောဝမ်သည်သန်းပေါင်းများစွာသော တရုတ်နှစ်ကူးခရီးသယ်ပို့ရေး (CHUN YUN ) ရွှေ့ပြောင်းနေထိုင်ခြင်းခရီးသည်များအနက် တစ်ဦးဖြစ်သည်။

ဖေဖော်ဝါရီလ(၆)ရက်နေ့ နံနက်(၇)နာရီမိနစ်(၄၀)တွင် ယူနန်တွင်အလုပ်လုပ်သော လောဝမ်နှင့်သူ့ညီသည် ခရီးဆောင်အိတ်များကိုဆွဲကာ ကူမင်းတောင်ဖက်ဘူတာသို့ဝင်ကာ ထိုနေ့ညတွင်ယူနန်မုံလာမှကူမင်းသို့ရောက်၍ G2934အမြန်ရထားစီးပြီး ကွေ့ကျိုပြည်နယ်ထုံရင်မြို့သို့ပြန်ကာ နှစ်သစ်ကူးခြင်းဖြစ်သည်။ “ကျွန်တော်မွေးရပ်မြေမှာ ကွေ့ကျိုပြည်နယ်ထုံရင်မြို့ဖြစ်သည်။ လွန်ခဲ့သောနှစ်တွင် ယူနန်ပြည်နယ်ယွိရှီ-မောဟန်ရထားလမ်းရှိ မိုင်းလှဘူတာဆောက်လုပ်ရေးတွင် အလုပ်လုပ်ခဲ့ပါသည်။ အခုရုံးပိတ်တယ်မဟုတ်လား။ အဲ့ဒါကြောင့် အိမ်ပြန်နှစ်သစ်ကူးတာ။” ယခင်က အိမ်ပြန်ခရီးချိန်မှာ(၈)နာရီကြာသည်။ ၂၀၁၆ခုနှစ်ဒီဇင်ဘာလတွင် ရှန်ဟိုင်း-ကူမင်း အမြန်ရထားလမ်းစတင်ဖွင့်လှစ်ပြီး ကူမင်းမှ ကွေ့ရန်သို့သွားသော ခရီးရှည်အချိန်မှာ (၂)နာရီလျော့နည်းသွားသည်။ “ယူနန်နှင့်ကွေ့ကျိုအမြန်ရထားလမ်း ဖွင့်လိုက်ခြင်းသည် ကျွန်တော်တို့နေထိုင်မှုမှာအဆင်ပြေလာသည်။ ကျွန်တော်တို့ ဒီနေ့ညနေ (၂)နာရီ(၄၅)မိနစ်ထွက်ခွာမည့် G2934 အမြန်ရထားလက်မှတ်ဝယ်ထားပြီး ကွေ့ရန်သို့ရောက်ချိန်မှာ ညနေ(၅)နာရီဖြစ်သည်။ အကယ်၍ ထုံရင်သို့ကားလက်မှတ်ပါဝယ်ဖို့အဆင်ပြေလျှင် ညစာကိုအိမ်မှာပင်စားနိုင်သွားပြီ။” ဟု ရထားစောင့်နေသော လောဝမ်နှင့်သူ၏ညီမှာ အိမ်ပြန်ရန်တခဏပင်မစောင့်နိုင်သောစိတ်ဖြင့် ပြောပြခဲ့သည်။

## လက်မှတ်အရောင်းဝန်ထမ်း –– ဝမ်နမ် လီမုံမေ

**(၁၈)နာရီ လူနှင့်စက်ပစ္စည်းအားလုံးအချိန်ပို့အလုပ်လုပ်ခြင်း။**

လက်မှတ်အရောင်းဌာနသည် ဘူတာရုံတစ်ခုလုံး၏ အလုပ်အများဆုံးနေရာတစ်ခုဖြစ်သည်။ နံနက်(၆)နာရီမိုးမလင်းမီအချိန်တွင် ကူမင်းတောင်ဖက်ဘူတာမှ နံပါတ်(၃)လက်မှတ် အရောင်းဂိတ်တွင် လက်မှတ်အရောင်းဝန်ထမ်းများက တာဝန်ကိုဆောင်ရွက်နေပြီဖြစ်သည်။ သူတို့သည် ထိုအချိန်မှစ၍ ည(၁၁)နာရီမိနစ်(၂၀) အထိ ခရီးသည်များအား လက်မှတ်ကို (၁၈)နာရီကြာ အဆက်မပြတ်ရောင်းပေးပါသည်။ လက်မှတ်အရောင်းတာဝန်ကျသူဝမ်နမ်သည်အလုပ်ချိန်အတွင်းအကြောက်ဆုံးအရာမှာ ခရီးသည်များလက်မှတ်မရခြင်းပင်ဖြစ်သည်။ “တရုတ်နှစ်ကူးသယ်ပို့ (CHUN YUN) ကာလတွင် အကယ်၍ ရထားလက်မှတ်များမရခဲ့ပါက အိမ်ပြန်နှစ်ကူးလို့မရတဲ့သဘောပါ။ ကျွန်တော်တို့လည်း နည်းပေါင်းများစွာ စဉ်းစားပေးသော်လည်း တိုက်ရိုက်ရောက်နိုင်သော လက်မှတ်များမရှိခဲ့လျှင် ခရီးသည်များအား လူကြုံကားများ(သို့မဟုတ်)ပြောင်းစီးကားများကိုရှာပေးသည်။ ခရီးသည်များ စိတ်ဓာတ်ကျသောပုံစံကို မမြင်ရက်လို့ပါ။”

လူသားလက်မှတ်ရောင်းခြင်းကဲ့သို့ ကူမင်းတောင်ဖက်ဘူတာတွင် လက်မှတ်အရောင်းစက်(၉၀)ခုသည် နေ့ညမရွေး ခရီးသည်များအား ဝန်ဆောင်မှုပေးနေသည်။ အလိုအလျောက်လက်မှတ်အရောင်းစက်၏ စက်ပြုပြင်သူလီမုံမေ၏ နေ့စဉ်အလုပ်မှာလေးလံသောသေတ္တာကို သယ်ကာ လက်မှတ်ရောင်းစက်အတွက် လက်မှတ်များ ဖြည့်ပေးခြင်းဖြစ်သည်။ “ခရီးသည်များသောအချိန်တွင် ကျွန်မတို့သည် တစ်ယောက်ကိုသေတ္တာ(၂)လုံး သယ်ကာစက်များကို လက်မှတ်ဖြည့်ပေးရသည်။ သေတ္တာ(၁)ခုတွင် လက်မှတ်(၃၃)လိပ်ထည့်နိုင်” တစ်လိပ်တွင် လက်မှတ်(၁၀၀၀)စောင်ရှိသည်။ လှေကားအတက်များတွင် သေတ္တာကို အပေါ်သို့သယ်ဆောင်ရန် ယောကျ်ား(၂)ယောက်၏အကူအညီလိုအပ်သည်။” ဟု သူမက ပြောပြသည်။

## လက်မှတ်စစ်ဆေးသူ ရွှန်ဟိုင်ကျွင်––

**(၃)မိနစ်။ ။လက်မှတ်ပျောက်နေသောခရီးသည် တစ်ဦးအားကူညီခြင်း။**

ဖေဖော်ဝါရီလ(၆)ရက်နေ့ နံနက်(၁၁)နာရီတွင် ကူမင်းတောင်ဖက်ဘူတာ B1ဂိတ်မှာ တန်းအရှည်ကြီးစီးနေပြီဖြစ်ပြီး ကူမင်းတောင်ဖက်ဘူတာမှ ကွမ်ကျိုတောင်ဖက်ဘူတာသို့ ရထားစတင်ထွက်ခွာတော့မည်ဖြစ်ပြီး ခရီးသည်များသည် လက်မှတ်စစ်ဆေးခြင်းခံယူနေကြသည်။ ရထားတွဲဝန်ထမ်းရွှန်ဟိုင်ကျွင်သည် B4ဂိတ်မှ လက်မှတ်စစ်ဆေးရေးဆောင်ရွက်ပြီးနောက် အနည်းငယ်မျှအနားယူခြင်းမရှိ B1ဂိတ်တွင် သွားရောက်လက်မှတ်စစ်ပေးသည်။ ရုတ်တရက် ခရီးသည်တစ်ဦးသည် လက်မှတ်ပျောက်သွားကြောင်း၊ တဖန်သူစီးနင်းမည့်ရထားတွဲသည် လက်မှတ်စစစ်နေပြီဖြစ်ကြောင်း လက်မှတ်ထပ်ထုတ်ရန် အချိန်မရှိကြောင်း ရွှန်ဟိုင်ကျွင်ကိုပြောပြသည်။ ရွှန်ဟိုင်ကျွင်က ခရီးသည်အား မလောနဲ့ဟုပြောပြီး လက်မှတ်ဌာနသို့ ဖုန်းဆက်လိုက်သည်။ ဤခရီးသည်၏ မှတ်ပုံတင်နံပါတ်ဖြင့် လက်မှတ်ဝယ်ယူပြီးကြောင်းစစ်ဆေးပြီးနောက် ခရီးသည်ကို လက်မှတ်စစ်ဂိတ်သို့ ပို့ပေးလိုက်သည်။ “ရထားပေါ်အရင်တက်ကာ ရထားတွဲမှူးကိုရှာပါ။ သူ့ကို သင်လက်မှတ်ပျောက်သွားကြောင်းပြောပြီး ရထားတွဲမှူးသည် သင့်အား အီလက်ထရွန်နစ်လက်မှတ်ထုတ်ပေးလိမ့်မည်။ စိတ်ချပါ။ သင်၏ခရီးစဉ်အားထိခိုက်ခြင်းမရှိပါ။”ဟု ပြောခဲ့သည်။ ဖြစ်စဉ်တစ်ခုလုံး၏ကြာချိန်မှာ (၃)မိနစ်သာဖြစ်သည်။

## မီးရထားတွဲထိန်း ဖန်ထင်––

**ခြေလှမ်း(၂)သောင်း။ ။ခြေလှမ်းအရေအတွက်များမှ အလုပ်ပေါ်ထားရှိသောစိတ်သဘောထား**

ရထားတွဲကြီးသည် ခရီးသည်များကို ပို့ဆောင်ရသော တာဝန်ကြီးရှိသည်။ ရထားတွဲ၏လုံခြုံရေးထိန်းသိမ်းရန်မှာ မီးရထားတွဲစောင့်တွင် တာဝန်ရှိသည်။ “ရထားတွဲလုံခြုံစိတ်ချစွာသွားလာခြင်း၊ ယာဉ်မောင်းသူနှင့်ချိတ်ဆက်ခြင်း၊ ရထားပေါ်မှဝန်ဆောင်မှုအရည်အသွေးများ ခိုင်မာစွာလုပ်ဆောင်ခြင်းနှင့် ခရီးသည်များ၏ပြဿနာများ ဖြေရှင်းခြင်းသည် ရထားတွဲစောင့်၏တာဝန်ဖြစ်သည်”။ ဖေဖော်ဝါရီလ(၆)ရက်နေ့ညနေ(၁)နာရီ(၁၁)မိနစ်တွင် ဖန်ထင်တာဝန်ယူသောရထားတွဲသည် ကူမင်းတောင်ဖက်ဘူတာမှ စတင်ထွက်ခွာခဲ့သည်။ ရထားစတင်မောင်းနှင်ချိန်တွင် သူမသည် မီးရထားခေါင်းမှ အဆုံးထိ စစ်ဆေးခြင်းများပြုလုပ်သည်။ အထူးသဖြင့်မျက်မမြင်များ၊ Wheelchair များဖြင့်သွားလာနေသောခရီးသည်များ ရှိမရှိကြည့်ရှုစစ်ဆေးသည်။ “အကယ်၍ရှိခဲ့ရင်သူတို့ကိုအဓိကထားကြည့်ရှုစောင့်ရှောက်ပေးသည်။”၊ “ကျွန်မ၏ဖုန်းတွင် ခြေလှမ်းများရေတွက်ပေးသော appထည့်ထားသည်။ နေ့စဉ်ကျွန်မသည် ခြေလှမ်း (၂၀၀၀၀)ကျော် လမ်းလျှောက်လေ့ရှိသည်။” ခြေလှမ်းအရေအတွက်များတွင် ဝန်ဆောင်မှုအရည်အသွေးများတင်မက ဖန်ထင်၏အလုပ်အပေါ်ထားရှိသောစိတ်သဘောထားများကိုပါတွေ့မြင်နိုင်သည်။ မီးရထားတွဲမှူး တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ သူမသည်(၂)နှစ်ဆက်တိုက် ရထားပေါ်တွင်သာ တရုတ်နှစ်ကူးခဲ့ရသည်။ “တစ်ရက်က အမေကဖုန်းဆက်တယ်။ အမေကကျွန်မရဲ့အခန်းကိုသန့်ရှင်းရေးလုပ်နေတယ်၊ နေ့တိုင်းလုပ်တယ်လို့ပြောပြတယ်။ ကျွန်မနားထောင်ရင်းနဲ့ကို မျက်ရည်တွေဝဲလာတယ်။”




## Link။ ။ကူမင်းတောင်ဖက်ဘူတာရုံ

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကူမင်းမြို့တွင်တည်ရှိပြီး အနောက်ပိုင်းဒေသတွင် အဓိကပို့ဆောင်ဆက်သွယ်ရေး အချက်အချာဒေသတစ်ခုဖြစ်သည်။ ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာအဝင်အထွက် မီးရထားလမ်းကြောင်းများ၏ အဓိကကျသောနယ်မြေနှင့် အနောက်တောင်ပိုင်းဒေသ၏ အဓိကပို့ဆောင်ဆက်သွယ်ရေး အချက်အချာဒေသဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ(၂၈)ရက်နေ့ ရှန်ဟိုင်း- ကူမင်းအမြန်ရထားကြောင်း၏ ကွေ့ရန်မှကူမင်းအထိ၊ ယူနန်-ကွေ့ကျိုးအမြန်ရထားလမ်းကြောင်း၏ ပိုက်ရှက်မှ ကူမင်းအထိ စတင်ပြေးဆွဲသွားလာပြီး ယူနန်ပြည်နယ်သည် အမြန်ရထားခေတ် စတင်ခဲ့ပြီဖြစ်သည်။ တစ်နှစ်ကြာကာလအတွင်း ကူမင်းတောင်ဖက်ဘူတာရုံတွင် သောင်းပေါင်းများစွာသော ခရီးသည်များအား ဝန်ဆောင်မှုများလုပ်ဆောင်ပေးခဲ့ပြီဖြစ်သည်။

《Yunnan Gatewayဝက်ဘ်ဆိုက်》
ချိန် ချောင်ရက်၊ ကြူတုံးရန် ၊လီဟိန်ချန်